ရွှေစကား စာပေ

# ကြယ်စင်မှူးဝေ

## ကောက်ကွေ့သောမြစ်တို့၏



ဒီဇိုင်း - မောင်ကျော်ဦး

ပြည့်မှူးကိုကို....

ချောမောခန့်ညားသည့် .... လူငယ်လေးတစ်ယောက်။ မြင့်မားသော အရပ် ၊ စိုပြည်လတ် ဆတ်သော အသားအရည်၊ တောက်ပလင်းလက်သော မျက်ဝန်းတို့ နှင့် သူ့ဘဝ၏ ကံကြမ္မာအလှည့်အပြောင်းကို သူကောင်းကောင်း အံ့သြထူးဆန်းနေမိသည် ။

ဒါကြောင့် ရှေးလူကြီးတွေပြောတာပဲ။

ရေစီးတစ်ခါ ရေသာတစ်လှည့်....

စိုင်ကော်လို့ ခြုံပေါ်ရောက် မဟုတ်သေးပါဘူး။ ဘယ်လိုပြောရမလဲ။

မနေ့ကအထိ သာမန်ကောင်လေးတစ်ယောက်ဟာ....

သည် ကနေ့တော့ သိန်းပေါင်းများ စွာ ချမ်းသာသည့် သူဋ္ဌေးလေးတစ်ယောက် ဖြစ်သွားပါ ရော့လား။

နတ်ရေကန်ထဲ ပစ်ချလိုက်သလိုပါပဲ။

သူ့ဘဝ၏ အလှည့်အပြောင်းကို မယုံနိုင်ဖွယ် အံ့သြချီးမြိန်ရင်း ပြည့်မှူးကိုကို သူပိုင်သည် ဆိုသည့် နှစ်ထပ်တိုက်လှလှကြီးကို မျက်ခြည်မပြတ် ကြည့်နေမိသည် ။

မျက်စိထဲက ပျောက်သွားမှာ စိုးလို့ ပါ။ ဒါဟာ အိပ်မက်တစ်ခုလား။

သူရပ်နေသည့် ခြံဝင်းကလည်း သာယာလှပလိုက်တာ။ ခြံရှေ့မှာ ပန်းအိုးလှလှ၊ မြက်ခင်း လှလှတွေရှိပြီး ခြံနောက်မှာ တော့ ရေကူးကန်

လေးရှိသည် ။ ခြံခေါင်းရင်းမှာ ပန်းပင်တွေရှိပြီး၊ ခြံခြေရင်းမှာ တော့ အလုပ်သမားတန်းလျားနှင့် ကားဂိုဒေါင်။

သူ့အိမ်ပေါ်မှ လှမ်းကြည့်လျှင် အင်းလျားကို လှမ်းမြင်နေရတာကိုက စိတ်ချမ်းသာစရာ။

သည် ကြွယ်ဝချမ်းသာမှုရဲ့ အရင်းအမြစ်ကတော့ ပြည့်မှူးကိုကိုရဲ့ မေမေ....

ပြည့်မှူးကိုကို (၅)နှစ်သားကတည်းက ကွယ်လွန်တိမ်းပါးသွားရှာသည့် မေမေဒေါ်သက်မှူး ခင်။

မေမေကွယ်လွန်သွားတော့ ဖေဖေက သူ့ဇာတိမြေ ဗန်းမော်သို့ ပြန်သွားပြီး သားအဖနှစ်ယောက် ရှာဖွေစားသောက်ခဲ့ကြရသည် ။

မေမေနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြည့်မှူးကိုကို ဘာမှ ရေရေရာရာမသိခဲ့ပါ။ သူထံမှာ မေမေ့အမွေဆိုလို့ မေမေ့မိသားစု ဓါတ်ပုံလေးရယ်၊ နောက်မေမေ့လက်စွပ်လေးတစ်ကွင်း ရယ်ပဲရှိခဲ့သည် ။

နှစ်ပေါင်းများ စွာကြာခဲ့ပြီး ဖေဖေက နောက်အိမ်ထောင်ထပ်ပြု၊ သူကသည် ရန်ကုန်မြေသို့ ဆင်းလာ။ နောက်ဝပ်ရှော့တစ်ခုတွင် အလုပ်သင်အဖြစ်အလုပ်ဝင်နေဆဲ၊ သူ၏ ဖွားဖွားက အမွေပေး ခဲ့သည် ဆိုပြီးသည် အမွေတွေကို ပြည့်မှူးကိုကိုရှေ့နေကြီး ဦးစိန်လွင်တိုးထံမှ ခမ်းနားစွာ လက်ခံ ရယူခဲ့ရသည် ။

များ ပြားလှသည့် အမွေတွေကို ပြည့်မှူးကိုကို လွယ်ကူစွာရခဲ့သည် တော့ ဟုတ်ဟန်မတူ။ ရှေ့နေမှ တဆင့်သူ့သမိုင်းကြောင်းကို သေသေချာချာလေ့ လာပြီးမှ ရရှိသည့် အမွေ။

မေမေ မခံစားလိုက်ရသည့် အမွေကို ယခုကျမြေးဖြစ်သူ သူက ခံစားရတော့မည်ပါလား။

အသက်နှစ်ဆယ့်သုံးနှစ်သား ပြည့်မှူးကိုကိုအဖို့ မေမေ့အကြောင်းနှင့် ကိုယ့်ဘဝအကြောင်း ကို ပြန်တွေးကြည့်မိတော့ အားလုံးဟာ လွမ်းမောစရာ။

မနေ့က သည် အိမ်မှာ အမွေလက်ခံရယူရသည့် အဖြစ်ကတော့ ရင်မောစရာ။

အင်း... အံ့ဩထိတ်လန့်စရာလည်းကောင်းပါသည် ။ ဝပ်ရှော့ပိုင်ရှင် အန်ကယ်ကောင်းနှင့် အတူ ခမ်းနားသောသည် အိမ်ကြီး၏ ဧည့်ခန်းသို့ သူယောင်ကြောင်ကြောင်ရောက်လာခဲ့ရစဉ်၊ ပြည့်မှူးကိုကို ရင်ဆိုင်ရသည် မှာ သူ့ကိုမလိုလားသည့် မျက်ဝန်းတွေကိုပါ။

ရှေ့နေဦး ဦးစိန်လွင်တိုးနှင့် အတူ ရပ်မိရပ်ဖများ လည်း ဧည့်ခန်းထဲမှာ ရှိနေသည် ပါပင်။

ဦးစိန်လွင်တိုးက သူ့ကို အားလုံးနှင့် မိတ်ဆက်ဆက်ပေးသလို၊ သူ့ကိုလည်း အိမ်သားများ နှင့် မိတ်ဆက်ပေးခဲ့သည် ။

"မောင်ပြည့်မှူးကိုကို ဒီလူတွေကတော့ မောင့်အဖိုးနဲ့ အဖွားရဲ့ မွေးစားသားမိသားစုပဲ... မောင့်အဖွားမကွယ်လွန်မိက အတူနေခဲ့ကြတဲ့ မိသားစုပေါ့... သူကမွေးစားသား ဦးသက်နောင်.... သူက ဦးသက်နောင်ရဲ့ ဇနီး ဒေါ်ဖြူပြာခင်၊ ဒါလေးကတော့ အဲ သူတို့ ရဲ့ တူမလေး လဝန်းသော်တာ တဲ့ ကွယ်"

ပြည့်မှူးကိုကို ဦးသက်နောင်နှင့် ဒေါ်ဖြူပြာခင်တို့ ကို လှမ်းကြည့်လိုက်လျှင် ရင်ထဲ ထိတ်ခနဲ ဖြစ်ရသည် ။ သူတို့ မျက်ဝန်းတွေက မာကျော

အေးစက်ပြီး သူအပေါ်မလိုလားသည့် ပုံ။

ဦးသက်နောင်၏ ရုပ်မှာ အသားဖြူဖြူ ပုပုဝဝနှင့် အသက်လေးဆယ် ကျော်ခန့်ရှိပြီး ဒေါ်ဖြူပြာခင်ကတော့ အသားညိုညိုပိန်ပိန်ပါးပါး၊ ခေတ်ဆန်ဆန်နှင့် အသက်လေးဆယ်အရွယ်၊ အရွယ်နှင့် မလိုက်အောင် ဖြီးလိမ်းပြင်ဆင်ထားပုံမှာ စိတ်ရှုပ်စဖွယ်။

နောက် လဝန်းသော်တာဆိုသည့် ခပ်ကြောင်ကြောင်နာမည်နှင့် ကောင်မလေးကို သူကြည့်ပြန်သည် ။ အင်း သူကလေးကတော့ မဆိုးပါဘူး။ သူလေးရုပ်ချောပုံက ရင်ထဲအေးငြိမ်း စေပြီး မျက်စိပသာဒဖြစ်အောင်ပင် ထူးဆန်းသည့် အလှ။

ဆိုကြပါစို့ ကဝေမလေး လူယောင်ဖန်ဆင်းထားသလိုအလှ၊ လူဟုတ်ချင်မှ ဟုတ်မှာ ။

အင်း... ငါတော့ သူယောင်တောက လွတ်အောင်ရှောင်ရမယ်။

ရှေ့နေကြီးက စကားတွေဆက်နေပြန်သည် ။

"သူတို့ မှာ နေစရာမရှိတဲ့ အတွက် ဒီအိမ်ကြီးမှာ လောလောဆည် ခဏလောက်ဖြစ်ဖြစ်ဆက် နေပါရစေတဲ့ ကွယ်၊ ဒါကတော့ မောင်ပြည့်မှူးရဲ့ ဆန္ဒအတိုင်းပါပဲ... ထားချင်လည်း ဖြစ်တယ်... မထားချင်လည်း ဖြစ်ပါတယ်"

ပြည့်မှူးကိုကို စိတ်ရှုပ်ထွေးစွာဖြင့် သူတို့ အုပ်စုကိုလှမ်းကြည့်မိလျှင် ဒေါ်ဖြူပြာခင်က အနူးအညွတ်တောင်းပန်ပါတော့သည် ။

"တူလေးရယ်... မင်းမှာ လည်း တစ်ယောက်တည်းမဟုတ်လား.... အိမ်ကအကျယ်ကြီး ပါကွယ်... မင်းလည်း နေရေးစားရေး အဆင်ပြေအောင် အိမ်ရှင်းတာ သိမ်းတာကအစ အဖော်လို ပါလိမ့်မယ်... အန်တီ

တို့ ကို အဖော်လိုမျိုးသဘောထားပြီး ဆက်ထားပေးပါကွယ်နော်.... အန်တီ တောင်းပန်ပါတယ်.. အန်တီတို့ မှာ ဘယ်မှ သွားနေစရာလည်း မရှိလို့ ပါ"

ဒေါ်ဖြူပြာခင် မျက်နှာနီးမြန်းပြီး မျက်ရည်တွေပါကျလာခဲ့ရာ ပြည့်မှူးကိုကို ငြင်းဆန်ဖို့ ခွန်အားမရှိတော့ချေ။

"အန်တီတို့ ကို အဖွားက ဘယ်လိုမှ မစီစဉ်ပေးခဲ့ဘူးလား၊ အမွေစား သမီးဆို....

သူမရှင်းတာမေးမိတော့ ဒေါ်ဖြူပြာခင် က သနားစဖွယ် မျက်နှာပေးနှင့် ရှင်းပြခဲ့သည် ။

"ငါ့တူရယ်...မင်းရဲ့ အဖွားအန်တီ့ရဲ့ မွေးစားအမေမေ ဒေါ်ခင်ခင်မှူး က စိတ်သိပ် ကိုပြတ်ပါတယ်... သမီးအရင်းဖြစ်တဲ့ မမသက်မှူးခင်ကို တောင် သူသဘောမတူတဲ့ လူနဲ့ ယူလို့ စွန့်ပစ်ခဲ့သေးတာ... အန်တီက မွေးစားသမီးပါ၊ သူသဘောမကျစရာတစ်ခုခုရှိလို့ တစ်ပြားမှ အမွေမ ပေးခဲ့တာ နေမှာ ပေါ့’

ပြောရင်းမှ ဒေါ်ဖြူပြာခင်မျက်ရည်တွေ စီးကျလာပြန်သည် ။ အမွေ မရလို့ ခံပြင်းနေသလား ပင်။

"လက်ခံတာက ရပါတယ်... ဟို အန်တီတို့ ကို ကျွန်တော်တစ်သက် လုံးကျွေးထားရမှာ လား... ကျွန်တော့်မှာ အလုပ်ကောင်းကောင်း မရှိဘူးဗျ... ကျွန်တော့်တစ်ဝမ်းတစ်ခါးတောင် အန်ကယ် ကောင်းတို့ ကျွေး ထားလို့ သာ..."

အရိုးခံအတိုင်းပြည့်မှူးကိုကို ပြောလျှင် ဧည့်ခန်းထဲရှိ လူအားလုံးပြုံး လိုက်ကြပါသည် ။

ဦးစိန်လွင်တိုးက…

"မောင်ရင်လက်ခံရမှာ အိမ်တစ်လုံးတည်းထင်လို့ လား။ ခုချိန်ကစပြီး ဦးဘခင်၊ ဒေါ်ခင်ခင်မှုးတို့ ရဲ့ ပစ္စည်းဥစ္စာမှန်သမျှ မောင်ပြည့်မှုးကိုကို လက်ခံရတော့မှာ ပါ… မောင်ဟာ မမျှော်မှန်းလောက်အောင်ကို ချမ်းသာကြွယ်ဝသွားပါပြီကွယ်"

"ဗျာ…"

တကယ်ပါပင်။ ထိုနေ့က ပြည့်မှုးကိုကို လက်ရှိမြင်နေရသည့် တိုက်နှင့် ခြံ။ ဘဏ်အပ်ငွေများ စွာ အပြင်အိမ်မှာ ရှိနေသည့် ကားနှစ်စီးတို့ကိုပါ လက်ခံရရှိလိုက်ရသည် ။

ဦးသက်နောင်နှင့် ဒေါ်ဖြူပြာခင်တို့ မျက်စိမျက်နှာပျက်နေသည့်ကြားမှာ ပင် ပြည့်မှုးကိုကို အမွေလက်ခံလိုက်ရသည် ။

အိမ်သော့၊ကားသော့စသည့် ဖြင့် သော့များကို လက်ခံရင်းပြည့်မှုးကိုကိုရင်ထဲလေးနေရသည် မှာ လည်း ဘာကြောင့် မသိ။

သူတွေးနေမိသည် ကတော့ အဖွားဟာ သူ့မွေးစားသားနှင့် မိသားစုကို ဘာတွေစိတ်နာလို့ များ အမွေတစ်ပြားမှ မပေးခဲ့ပါလိမ့်ဟု သာ။

******

လဝန်းသော်တာ....

အသက်နှစ်ဆယ်အရွယ် အပျိုစင်မလေးပေမို့ မိန်းကလေးတစ်ယောက်၏ အလှဆုံးအရွယ်ဖြင့် သူမတင့်တယ်လှပေသည် ။

ဝါဝင်းစိုပြည်သောအသားက အဖြူရောင်နှောနေသလို မျက်နှာကျလှလှလေးမှာ မျက်ခုံး၊ မျက်တောင်၊ မျက်လုံးအလှတွေက ပြက်ပြက်ထင်ထင်။ နှာတံလေးလှပုံနှင့် နှုတ်ခမ်းလေးလှနေပုံတို့ ကလည်း မခို့တရို့ ရှိလွန်းလို့ သနားချစ်ကြင်စဖွယ်။

ကိုယ်လုံးလေးကလည်း ရှည်သွယ်သောအရပ်နှင့် အညီ ပြည့်ပြည့်ဖြိုးဖြိုး။

သို့ပေမယ့် သူမ၏ ဘဝကတော့ မလှပပါ။ ငယ်စဉ်ကတည်းက မိခင် သေဆုံးသွားခဲ့ပြီး ဖခင်က နောက်အိမ်ထောင်နှင့် မို့ အဒေါ်ဖြစ်သူ ဒေါ်ဖြူပြာခင်ထံ ရောက်လာခဲ့ရသည့် အဖြစ်။

ဆယ်တန်းအောင်မှ ရောက်လာရလို့ သာ တော်ရော့သည် ။ ရောက်ကတည်းက အိမ်ဖော် တစ်ယောက်နှယ်လုပ်ရ၊ ကိုင်ရလိုက်တာ။ အလုပ်လုပ်ရတာ စိတ်မကောင်းမဖြစ်ပေမယ့် တူမအရင်း ကို တူမလိုသဘောမထားဘဲ တကယ့်အိမ်ဖော်လို သဘောထားတာသာ သူမစိတ်မကောင်းဖြစ်ရသည် ။

သို့သော် သည် အရိပ်မှာ လဝန်းသော်တာ၏ ဘဝ လုံခြုံအေးချမ်းခဲ့လို့ ကျေးဇူးတင်ပါသည် ။

ဟော အဖွားဒေါ်ခင်ခင်မှူးနေမကောင်းပြန်တော့ သူမမှာ အချိန်ပြည့် ပြုစုချင်ပေမယ့် အန်တီကပြုစုခွင့်မပေး။ သူမပြုစုသလို သော်တာကိုလည်း မီးဖိုထဲမှာ အချိန်ပြည့်ခိုင်းနေသည့် အတွက် အဖွားကို သော်တာ အားလပ်ချိန်လေးများမှာ သာ ပြုစုရပါသည် ။

အင်း…နောက်ဆုံး။ အဖွားရဲ့ နောက်ဆုံးအချိန်လေးမှာ တော့ အဖွားက သူမကို အမွေပေးခဲ့ ပါသည် ။

"သမီး….. နင့်အန်တီနဲ့ ဦးလေးမသိစေနဲ့ … ဒီဘူးလေးယူထား… တိတ်တိတ်လုံခြုံအောင် ဝှက်ထားပါ…တစ်နေ့နေ့မှာ အသုံးဝင်လာလိမ့်မယ်… သမီးဘဝအတွက် ဒီပစ္စည်းလေးဟာ အရေးအပါဆုံးဖြစ်လာလိမ့်မယ်…လုံးဝဖွင့်မကြည့်ရဘူးနော်…ဖွင့်လို့ လည်း မရပါဘူးလေ.. အချိန်တန်တော့မှ သူ့အလိုလိုဖြစ်လာလိမ့်မယ်ကွယ်…"

အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် ငယ်စဉ်ကတော်တော်ချောမောလှပမည့် အဖွားဒေါ်ခင်ခင် မှူးသည် ငယ်စဉ်ကတော့ စိတ်တော်တော်ထက်ပေမည်။

ယခုကျ သောကတွေ၊ ဇရာတွေနှင့် ဖိစီးပြီး ရောဂါထုထောင်းနှိပ်စက်သဖြင့် အသက် (၇၀) မပြည့်မီပင် ကွယ်လွန်သွားရှာပေပြီ။

အဖွားပေးခဲ့သည့် ရွှေဘူးလေးကို လဝန်းသော်တာ လုံခြုံအောင် သေချာစွာဝှက်ထား ရပါသည် ။ (၂)လက်မပတ်လည်လောက်သာရှိမည့် ရွှေဘူးလေးအတွင်းမှာ ဘာတွေရှိနေပါလိမ့်ဟု တစ်ခါ၊တစ်ခါ သော်တာ တွေးမိပါသည် ။ ပေါ့တော့ ပေါ့ပေါ့လေးပဲ။

အန်ကယ်ဦးသက်နောင်ဟာ မွေးစားသားဖြစ်လျှက် အမွေတစ်စက်မှ မပေးခဲ့တာကိုလည်း လဝန်းသော်တာ မျက်စိလည်ပါသည် ။

အမွေတစ်ပြားမှ မရလိုက်လို့ အန်ကယ်နှင့် အန်တီတို့ အကြီးအကျယ် ခံပြင်းနေကြပုံကလည်း စိတ်ပျက်ဖွယ်။

အမွေဆိုတာ စားထိုက်မှ စားရတာမဟုတ်လား။ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ တစ်ခုခုပါပဲ။ ပုံမှန်ဆို မွေးစားသားကို အမွေနည်းနည်းဖြစ်ဖြစ် ပေးရမှာ မဟုတ်လား။

အဖွား ဘာကိုစိတ်နာသွားပါလိမ့်ဟု သာ လဝန်းသော်တာ တွေးမိရသည် ။ အန်ကယ် ဦးသက်နောင်နှင့် အန်တီဖြူပြာတို့ မှာ ဒီကိစ္စအတွက် ဆွေ့ဆွေ့ခုန်ခံပြင်းနေလိုက်ရတာ သွေးတိုးတွေ နှလုံးတွေသာရှိလျှင်ချက်ချင်းပင် ခေါက်ခနဲ့ သေလောက်သည် ။

သည် နေ့လည်း သူဌေးလေး ဦးပြည့်မှူးကိုကို နံနက် (၈)နာရီလောက်မှာ အပြင်ထွက်သွား ကတည်း က ချုပ်တီးထားရသည့် ဒေါသတွေကို အန်ကယ်နှင့် အန်တီဖွင့်ထုတ်ပေါက် ကွဲနေကြသည် ။

အိမ်မှာ တစ်ခုတော်သေးသည် က အပြင်အဖော်မရှိလို့ ပါပဲ။ အိမ်ရဲ့ အလုပ်ကိစ္စမှန်သမျှကို လဝန်းသော်တာ တစ်ယောက်တည်းနှင့် နိုင်နင်းပါသည် ။

ဘာပဲဖြစ်ဖြစ် စက်တွေနှင့် အလုပ်လုပ်တာ မဟုတ်လား။ အဝတ်လျှော်စက်၊ ထမင်းပေါင်းအိုး၊ ဖုန်စုပ်စက်၊ အင်း မီးပူကတော့ ကိုယ့်လက်နှင့် ပဲ တိုက်ရသည် ၊ ထမင်းချက်ရတာ၊ ဟင်းချက်ရတာ လည်း လွယ်ပါသည် ။ ဂတ်(စ်)မီးဖိုဆိုတာ လဝန်းသော်တာတို့ တောကထင်းမီးဖိုတွေလို မဟုတ်။

မီးဖို (၃)(၄)လုံးလောက် တန်းစီရှိနေသည် မို့ ချက်၊ပြုတ်ရတာလည်း လွယ်တာပါပင်။

ပြီး အန်တီဖြူပြာဆီမှာ (၃)နှစ်လောက်ရှိနေပြီမို့ လဝန်းသော်တာ အားလုံးလုပ်ကိုင် နေကျဖြစ်နေပါပြီလေ။

အဲ... မီးဖိုဆောင်မှာ ချက်ရင်း၊ ပြုတ်ရင်းမှ လဝန်းသော်တာ အန်ကယ်နှင့်အန်တီ ဒေါသထွက်နေတာကို မကြားချင်လည်း ကြားနေရပါသည် ။

"တောက်... ငါတို့ မှာ တော့ ပြုစုလိုက်ရတာ၊ ဒီအဖွားကြီး ဆယ်ခါပြန်သေဖို့ ကောင်းတယ်... အမွေပေးတော့ မြေးအရင်းပေးခဲ့တယ်... လူကြားလို့ တောင် မကောင်းဘူး"

"အေးလေ... တော်တော်တရားကျဖို့ ကောင်းတယ်၊ ဖြူပြာတို့ က တော့ သမီးကိုအမွေ ဖြတ်ထားတယ်... ရစရာရှိ ငါတို့ ပဲရမှာ ဆိုပြီး မရှိမရှာပြုစုလိုက်ရတာ ... ဟင်း... အခါတစ်ရာ လောက်သေဖို့ ကောင်းတဲ့ မိန်းမကြီး"

"လည်နေ... လည်နေ... ရှင်ကတော့ ဟိုးကျောက်ခေတ်မှာ အမဲလိုက်စားဖို့ ပဲ ကောင်းတဲ့ လူ...မွေးစားသားတစ်ယောက်လုပ်နေပြီး ကိုယ့်မအေ ဘာအချိုးချိုးနေတယ်၊ ဘာတွေလုပ်နေတယ် ဆိုတာ နည်းနည်းမှ မရိပ်မိတဲ့ လူ..."

"ငါမသိတာလည်း မပြောနဲ့ ကွ... အမေက ဘာပဲလုပ်လုပ်သိပ်ပိရိတာ... သူ့မှာ စုံစမ်းခိုင်းစရာ ရှေ့နေကြီးကလည်း သိပ်ထက်မြက်တာကိုး..."

"ရှင့်မအေ ပိရိတာတော့မပြောနဲ့ ... ကျုပ်တို့ အတွက်အမွေတစ်ပြားမှ မပေးခဲ့တာကို လူပုံ အလယ်ကျမှ သိရတဲ့ အဖြစ်သာကြည့်.... ကျုပ်မှာ လေ အဲဒီမိန်းမကြီးနဲ့ သူ့မြေးဆိုတာကို စိတ်ထဲမှာ အော်ဟစ်ကျိန်ဆဲလိုက်ရတာ ... သွေးတွေဆူပွက်ပြီး ဗုန်းဗုန်းလဲမတက်ပဲ..."

"ဒါပေမဲ့ အချိုသတ်ရသေးတယ်... ကျုပ်တို့ ဒီအိမ်မှာ တွယ်ကပ်နေပြီး ကိုယ်ရသင့် သလောက်ရဖို့ ကြိုးစားရဦးမှာ ပဲ၊ ရှင်သတိထားမိလား၊ ပေးခဲ့တဲ့ အမွေတွေထဲမှာ ရတနာပစ္စည်း တွေလုံးဝမပါဝင်ခဲ့တာလေ... အဖွားကြီးမှာ လက်ဝတ်လက်စားတွေ၊ ရတနာတွေ အများကြီး ရှိတာ ရှင်သိတယ်မဟုတ်လား"

"ဟုတ်တယ်... ရှိတယ်... ငါမြင်ဖူးတယ်... ဒါပေမဲ့အခုကျ အဲဒီရတနာတွေနဲ့ ပတ်သက်လို့ ဘာမှ မတွေ့ရဘူး... မီးခံသေတ္တာထဲမှာ လည်း ဘာမှ မရှိဘူးနော်..."

"ရှူး .... တိုး....တိုး...ကဲ ...တော်ပြီ...တော်ပြီ... ရှင်သွားစရာရှိတာ သွားတော့ အင်း ကျုပ်တို့ ဘဝကတော့ ထုံးစံအတိုင်း အဖွားကြီးရဲ့ ကျွန်ကနေ သူ့မြေးရဲ့ ကျွန်ဆက်ဖြစ်နေရဦးမှာ ပေါ့ လေ...ရှင်က အဖြစ်မှ မရှိဘဲကို..."

"ငါလည်း ဘယ်တက်နိုင်ပါ့မလဲကွာ...ကဲ ဘာပဲဖြစ်ဖြစ် ပြည့်မှူးကိုကို ကြည်ဖြူအောင် သရုပ်ဆောင်ပေတော့၊ ဒါမှ ဒီအိမ်မှာ နေခွင့်ရမှာ ... ကဲငါဈေးဝယ်သွားလိုက်ဦးမယ်"

ဦးသက်နောင်မှာ ဒေါ်ခင်ခင်မှူးရှိစဉ်ကတည်းကခိုင်းတာလုပ်၊ ကျွေးတာစားဘဝနှင့်သား၊ ဦးဆောင်နိုင်သည့်အရည်အချင်းရှိသူမဟုတ်။

ဒေါ်ဖြူပြာခင်မှာ လည်း အိမ်ကိုသန့်ရှင်းခြင်းနှင့် မီးဖိုဆောင်မှာ ချက်ပြုတ်ခြင်းတို့ ကိုသာ ကျွမ်းကျင်သူ။

သူမကတော့ ယခု တူမဖြစ်သူကို အလုပ်လွှဲထားနိုင်၊ မျက်နှာလွှဲထားနိုင်ခဲ့ပေပြီ။

သူတို့ ဒေါသအလျောက် ပြည့်မှူးကိုကိုနောက်ကွယ်မှာ အဖွားကြီး

ဆုံးကတည်းက ပြောခဲ့၊ ဆိုခဲ့တာတွေကို လဝန်းသော်တာသိနေ၊ ကြား နေရသည် မို့ ဒေါ်ဖြူပြာခင် ကိုယ့်တူမကိုယ် စည်းရုံးရမြဲ။ တော်ကြာ ကို ယ့်လူက သူ့ဘက်သားဖြစ်သွားမှာ စိုးရသည် လေ။

သော်တာ ပန်းကန်ဆေးနေသည့်အနားသို့သွားပြီး အရေးကြီးတော့ သွေးနီးသည့်အသံဟန် နှင့်ဒေါ်ဖြူပြာခင် စည်းရုံးလိုက်သည် ။

"သော်တာ တူမလေး... ငါတို့ ခံစားနေရတာတွေကို နင်ကြားတယ်၊ မြင်တယ် မဟုတ်လား"

"ဟုတ်... ဟုတ်ကဲ့ပါ အန်တီဖြူပြာ"

"အေး.. နင့်ရင်ထဲမှာ မှတ်ထားရဖို့ က နင်ဟာ ငါတို့ ဘက်ကလူပဲ... ငါတို့ ကျွေးမွေးနေလို့ ခုလိုလူမွေးလူတောင် ပြောင်နေခွင့်ရတာ...အသ က်ဆက်ရှင်ခွင့်ရနေတာ ကြားလား"

"ဟုတ်...ဟုတ်ပါတယ် အန်တီ"

သော်တာမှာ မျက်နှာလေးငယ်ငယ်။ကိုယ့်ဦးလေး။ အဒေါ်တွေတော င် ဘုံပျောက်နေရသည် မို့ ကိုယ်လည်း ဘယ်တော့ပြေးရမလဲဟု သူမလ ည်း တထိတ်ထိတ်။

"တကယ်တော့ ဒီပစ္စည်းတွေဟာ အန်တီတို့ ရဖို့ ပစ္စည်းတွေပါ... ဒီ မိန်းမကြီး မတရား လုပ်ခဲ့လို့ သာ သူ့စိတ်မပြတ်သားလို့ သူပဲကိုယ်သ ဘောမတူတဲ့ လူနဲ့ ယူလို့ ဆိုပြီး မမသက်မှူးခင် ကို အမွေပြတ်စွန့်လွှတ်ပြီးသား...

တောက်... ဒါပေမဲ့ နောက်ဆုံး သေခါနီးကျဘယ်လိုကဘယ်လို လှုပ် ရှားလိုက်တယ် မသိဘူး... အမွေကို မြေးအရင်းဆီပုံပေးခဲ့လိုက်တယ်... ငါတို့ မှာ အတူနေပြီး သူ့ဆီမှာ ကျွန်ခံကြ ရပေမယ့် အမွေတစ်ပြားမှ မရ

လိုက်ဘူး"

ဒီအကြောင်းတွေကြားရလွန်းလို့ ရိုးအိနေပေမယ့် လဝန်းသော်တာ ငြိမ်ပြီးနားထောင် နေရသည် ။ အန်တီဖြူပြာကို သူမကြောက်ရသည် မဟုတ်ပါလား။

"အဲ... ဒါပေမဲ့ ငါတို့ မှာ မျှော်လင့်စရာတစ်ခုကျန်ခဲ့တယ်...အဲဒါကတော့ အဖွားကြီးပေးခဲ့တဲ့ အမွေတွေထဲမှာ ရတနာတွေမပါသေးတာပဲ... ဒီတော့ ဒီရတနာတွေဟာ ဒီအိမ်ထဲတစ်နေရာရာမှာ ဝှက်ထားတာပဲဖြစ်ရမယ်... တောက် ဒီပစ္စည်းတွေသာ ရလိုက်ရင်...ပြည့်မှူးကိုကို မကြောက်တော့ ဘူး...အဖွားကြီးကရတနာစုတာ ဝါသနာ ပါတော့ စိန်တွေ၊ ရွှေတွေ၊ ပတ္တမြားတွေ ဆိုတာ နည်းတာ မဟုတ်ဘူး ...ငါတစ်ခါမြင်ဖူးခဲ့တယ်လေ..."

"ဟုတ်...ဟုတ်ကဲ့...သော်တာ ဘာလုပ်ပေးရမလဲ"

သော်တာက မေးမိမေးရာ မေးလိုက်တာပါ။ သို့ပေမယ့်သော်တာ၏ မေးခွန်းကြောင့် ဒေါ်ဖြူပြာခင် ဖျတ်ခနဲ သတိရသွားတော့သည် ။

"ဟုတ်တယ်...ဟုတ်တယ်..လိုတယ်..နင့်အကူအညီတွေအများကြီး လိုတာပေါ့... ငါတို့ ဒီ အိမ်မှာ မြဲဖို့၊ ဒီပစ္စည်းတွေကို အချိန်ယူပြီးရှာနိုင်ဖို့ ပြည့်မှူးကိုကို ကိုနင်အပိုင်ကပ်ထားရမယ်..."

"ရှင်..."

တကယ့်ကို လဝန်းသော်တာ သွေးလန့်သွားရသည် ။ သူမဟာ တောမြို့လေးမှ လာခဲ့ သည့်အပြင်၊ ဆယ်တန်းအောင်ပြီး ဒီအိမ်ရောက်ပြီးကတည်းက အိမ်တွင်းပုန်းကုလားမတွေလို

အိမ်ထဲမှ အိမ်ပြင်မထွက်ရပဲ အိမ်အလုပ်တွေ ကျုံးလုပ်ခဲ့ရသူမို့ လူ

တွေကိုကြောက်ပါသည် ။

အထူးသဖြင့် ယောကျ်ားလေးတွေကို ပိုကြောက်သည် ။ သူမမှာ ခံစားချက်ရှိခဲ့သည် မို့ လူတွေနဲ့ အဝေးဆုံး၊ ယောကျ်ားလေးတွေနှင့် အဝေးဆုံးနေလိုကာမှ အန်တီ့အမိန့်က ဘယ်လို ကြီးလဲ။လဝန်းသော်တာ အန်တီဖြူပြာကို အလန့်တကြားမော့ကြည့်နေစဉ် သူမက သော်တာ့ကို အမိန့်တွေတင်းကျပ်စွာ ချမှတ်တော့သည် ။

"ဟုတ်တယ် သော်တာ ... တကယ်လို့ သူကနင့်ကိုချစ်မယ်... လက်ထပ်မယ်ဆိုရင် လက်ခံလိုက်... အိုသူချစ်လာအောင်၊ လက်ထပ်ချင်လာအောင် နင်သိမ်းသွင်းရမယ်၊ ဒါမှ လင့်ပစ္စည်း မယားပိုင်ရအောင်"

"ဘယ်လို...အန်တီဖြူပြာ... သူကရော သော်တာ့လို စုတ်ပြတ်သတ်နေတဲ့ မိန်းကလေး တစ်ယောက်ကို လွယ်လွယ်နဲ့ ကြိုက်မှာ လား ... ဒီအရွယ်ကြီး ရည်းစားတွေ၊ ချစ်သူတွေ အယောက် တစ်ရာလောက်တောင် ရှိနေလောက်ပြီ"

"စကားမရှည်နဲ့ သော်တာ ... နင့်ကို ငါပြုစုပျိုးထောင်လာခဲ့ရတာ... နင့်အနာဂတ်လှပဖို့ ငါဖန်းတီးပေးနေတာ"

"ဒီလိုလူမျိုးက ဘူးလိုသီးမှာ မဟုတ်ဘူး နော်... အတင်းထောင်ဖမ်းလို့ ရမယ့်လူမျိုး မဟုတ် ဘူး..."

"ငါသိတယ်... ဒီတော့ အဲလောက်ထိ မစွမ်းဆောင်နိုင်လည်း ငါတို့ ဒီအိမ်မှာ နေလို့ ရအောင် ရတနာသေတ္တာရှာလို့ ရတဲ့ အထိ နင်သူ့ကိုဆွဲဆောင်ထား ... ရတနာသေတ္တာရလည်း ပွဲကပြီး ပါတယ်... ရတနာသေတ္တာမရမှ တစ်မျိုးစီစဉ်ရမယ်..."

"အေး...အဓိက၊ကနင်သစ္စာမဖောက်ဖို့ ပဲ... ငါတို့ အကြောင်း ငါတို့

ဘာလုပ်နေတယ်ဆိုတာ သူ့ကို နင်လုံးဝပြန်မပြောရဘူး… နင့်ကိုသစ္စာရည်တိုက်ရမယ်"

ပြောပြီး အန်တီဖြူပြာဖန်ခွက်တစ်ခွက်ကိုယူ၊ ရေထည့်ပြီး ပါးစပ်မှ ကျိန်စာအမျိုးမျိုးတွေ တိုက်နေလိုက်သည် မှာ သော်တာ့ရင်ထဲ တဆတ်ဆတ်တုန်အောင်ပင် ကြောက်ရွံ့မိပါသည် ။ အန်တီ့ အသွင်က စုန်းကားထဲမှ တကယ့်ကဝေမကြီးတစ်ယောက်နှယ်။ ပြီးမှ …."

"ရော့…သောက်…သစ္စာဖောက်ရင် နင်သွေးပွက်ပွက်အန်ပြီးသေမှာ …"

တုန်ယင်သောလက်နှင့် ရေခွက်ကိုလှမ်းယူပြီး လဝန်းသော်တာ မော့ချလိုက်ရပါသည် ။ စိတ်ထဲထင်လို့ လားမသိ။ ရင်ထဲမှာ မီးခဲတွေမျိုမိသည့်နှယ်။

"ကဲ…လုပ်စရာရှိတာလုပ်တော့…နင်မြဲမြဲမှတ်ထားရမှာ က…နင်ဘယ်တော့မှ သစ္စာမဖောက် ဖို့ ပဲ …"

"အန်တီဖြူပြာ အပြင်သွားစရာရှိလို့ သွားလိုက်ဦးမယ်"

အိမ်မှာ လဝန်းသော်တာတစ်ယောက်တည်း အိမ်မှုကိစ္စများကို လုပ်ရင်း၊ ချက်ရင်း၊ ပြုတ်ရင်း ကျန်ခဲ့ရပေသည် ။

******